ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ

ဖားလက်ခိုအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဧပြီလ၊ ၂၀၁၉

**မာတိကာ**


မာတိကာ

အတိုကောက်စကားလုံးများ ၁

စကားချီး ၂

ချောင်းကြီး(အောက်)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် ၃

ချောင်းကြီး(အောက်)ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် ၄

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၅

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၆

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၆

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၆

(ခ) သဘာဝအရင်းအမြစ်များ ၇

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇

(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၈
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၁

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၂၅

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ**

**ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

**ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၃** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၈ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၁၉ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၀ **မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ**

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ **ပြဿနာနှင့်အခက်အခဲ**များ

**ဇယား** ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

**ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ**

ဇယား **၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ**

**ဇယား** ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

**ဇယား** ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ **ပညာရေး** အခက်အခဲ နှင့် ပြဿနာများ

ဇယား ၃၁ **အဖြစ်များသော** ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေရရှိမှု

ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ

ဇယား ၃၆ ရ**ဝေကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား **၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ**

ဇယား **၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

**ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား ၄၂ မှူခင်းဖြစ်ပွားမှု အခြေအနေ**
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၆**
**ဇယား ၄၃** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၇**
**ကိုးကားစာရင်း ၆၈**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲ ရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဧပြီလ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ
ဇလွန်မြို့နယ်

**ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်**



## ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်

| စဉ် | အဖြစ်အပျက် | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ | ပြာသိုလ | တပို့တွဲလ | တပေါင်းလ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | ပူပြင်း | ပူပြင်း | မိုးရွာ | မိုးများ | မိုးများ | မိုးရွာ/နေပူ | မိုးနည်း | မိုးရွာ/နေပူ | နေသာ/နှင်းကျ | နေသာ/နှင်းကျ | အလွန်ပူ | အလွန်ပူ |
| ၂။ | စိုက်ပျိုးရေး(ကိုင်း) | ပဲပြောင်းသိမ်း | – | – | – | – | မြေပြင်ပျိုးပင်မျိုး | ပဲပြောင်းစိုက် | ပဲပြောင်းစိုက် | ပဲအေးဖြန်း၊ပေါင်းရှင်း | ပဲသိမ်း | ပဲသိမ်း | ပြောင်းသိမ်း |
| ၃။ | စိုက်ပျိုးရေး(မြဲ) | – | မြေနေရာပြုပြင် | ကွမ်းစိုက် | ကွမ်းစိုက် | ကွမ်းရှူး | ကွမ်းရှူး | ကွမ်းရှူး | ကွမ်းရှူး | – | – | ကွမ်းဖြဲ့ဖျက်သိမ်း | ကွမ်းဖြဲ့ဖျက်သိမ်း |
| ၄။ | ပွဲတော် | သင်္ကြန်ပွဲ | – | – | – | – | – | မီးထွန်းပွဲ | ကထိန်ပွဲ တန်ဆောင်တိုင် | – | – | တရားပွဲ | – |
| ၅။ | ရောဂါ | – | – | – | ကလေး ဝမ်းပျက်ဝမ်းလျှော | တိရစ္ဆာန်ရောဂါ | – | – | – | – | – | – | – |
| ၆။ | အလုပ်အကိုင် | အလုပ်ပါး | အလုပ်ပါး | အလုပ်ပါး | ရှားပါး | ရှားပါး | သင့်တင့် | အလွန်ကောင်း | အလွန်ကောင်း | သင့်တင့် | အလွန်ကောင်း | အလွန်ကောင်း | အလွန်ကောင်း |
| ၇။ | ဝင်ငွေ/ထွက်ငွေ | ○○○ / ○○○○○ | ○○○ / ○○○○○ | ○○○ / ○○○○○ | ○○○ / ○○○○○ | ○○○ / ○○○○○ | ○○○○ / ○○○○ | ○○○○○○ / ○○ | ○○○○○ / ○○ | ○○○○ / ○○○○ | ○○○○○ / ○○○ | ○○○○○ / ○○○ | ○○○○○ / ○○○ |

ရက်စွဲ၊ ၅.၂.၂၀၁၉

ရေးဆွဲသူ၊ဦးမောင်ဝင်း

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက် များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင် ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ် ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်အောင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

၆

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများ ကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး ဇလွန်မြို့နှင့် (၅)မိုင်ကျော် အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပြီး အဓိက အသက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ ကျပန်းအလုပ်တို့ဖြစ်ပါသည်။ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၄၀)အထက်ရှိပြီး ကိုင်းမြေသည် ပြောင်း၊ ပဲအမျိုးမျိုးနှင့် ငရုပ်တို့ကို အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်း ကျောင်းပြုကြ ပါသည်။

၇

## (ခ) သဘာဝအရင်းအမြစ်

ဖားလက်ခို(ဇင်ယော်ကျွန်း) ကျေးရွာတွင် ကျောက်နှင့်သဲ အနည်းငယ်ထွက်ရှိသောကြောင့် ကျေးရွာ လမ်းပန်းဆက်သွယ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများတွင် လွယ်ကူစွာအသုံးပြုနိုင်ကြပါသည်။ တွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါ။ ကိုင်း လုပ်ငန်းများအတွက် နွားအသုံးပြုမှုရှိသောကြောင့် နွားစာအတွက် မြက်များကို ကိုင်းတောများတွင်အလွယ်တကူရရှိနိုင်ပါသည်။စားကျက်မြေသီးသန့်မရှိတော့ပါ။ ဆေးဘက်ဝင်အပင်များမှာသာမန်တွေ့ရသော ကျိတ်မှန်ရွက်ပင်၊ပေါက်ပန်းဖြူပင်၊ပွေးကိုင်းပင်၊မြေဖရုံပင်၊ ဆင်တုံးမနွယ်ပင် အစရှိသည့်အပင်များ သာရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

## (က) လူဦးရေဆိုင်ရာအချက်အလက်များ

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်အိမ်ခြေ(၃၀၁)အိမ်၊ အိမ်ထောင်စု (၃၀၁)နှင့် လူဦးရေ (၁၁၉၆)ဦး၊ကလေးငယ်အရွယ်(၈)%၊ ကျောင်းနေအရွယ်(၁၉)%၊ အလုပ်လုပ်နိုင်သော အရွယ်(၆၇)%၊ သက်ကြီးရွယ်အို(၆)%ရှိပါသည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄.၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း၅ဦးထက်လျော့နည်းသည်။ကျေးရွာတွင်ဗမာလူမျိုးများနေထိုင်ကြပါသည်ကျေးရွာတွင်အမျိုးသား(၅၆၄)ဦး၊အမျိုးသမီး(၆၃၂)ဦးရှိသဖြင့်ကျားမအချိုးများပြားစွာ ကွာဟမှုမရှိသောကြောင့်အမျိုးသမီးများ လုပ်ကိုင်နိုင်သည့်အလုပ်များကိုပါထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါကလူ့စွမ်းအားအရင်းအမြစ်ကိုထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအ တွက် ပိုမိုအထောက် အအကူပြုစေနိုင်ပါမည်။

## (ခ) ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် ကိုင်းစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစု အပိုဝင်ငွေ ရရှိရေး တစ်ပိုင်တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ စက်လှေအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ကိုင်းလုပ်ငန်းအဓိကလုပ်ကိုင်သူ(၆၀)%၊ကိုင်းလုပ်ငန်းများတွင် ရာသီအလိုက်နေ့စား အလုပ်လုပ်ကိုင်သူ(၃၈)%၊အပ်ချုပ်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူနှင့်ပညာရေးဝန်ထမ်းလုပ်ကိုင်သူ(၂) %လည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ ကိုင်းမြေဧက (၄၈၅)ဧက၊ စုစုပေါင်း(၄၈၅)ဧကဖြစ်ကြောင်း၊ယာမြေ၊ခြံမြေ၊ဓနိတောမြေ၊စားကျက်မြေ၊မြေလွတ် မြေလပ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၏ ဥစ္စာခနေအဆင့်အခြေအနေမှာ အဆင်ပြေ သော အိမ်ထောင်စု ၃၉အိမ် (၁၃%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၁၃၉အိမ် (၄၆%)၊ ဆင်းရဲသော အိမ်ထောင်စု၁၁၁အိမ်(၃၇%)၊အလွန်ဆင်းရဲသောအိမ်ထောင်စု(၁၂)အိမ်(၄%) လေ့လာတွေ့ရှိရပါသည်။အဆင်ပြေသောအိမ်ထောင်စုများမှာကိုင်းလုပ်ငန်းအဓိကလုပ်ကိုင်ကြပြီး(၅)ဧကနှင့်(၁၂) ဧက

ကြားပိုင်ဆိုင်သူနှင့်(၁၂)ကေအထက်ပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ ကိုင်းလုပ်ငန်းသုံးထွန်စက်ငယ်များပိုင်ဆိုင်ကြကြောင်း၊သစ်အိမ်အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ ကိုင်းလုပ်ငန်းနှင့် လုပ်သားအလုပ်သမားအဖြစ် အဓိကလုပ်ကိုင်ကြပြီး (၁)ကေ နှင့်(၅) ကေကြား ကိုင်းမြေများ ပိုင်ဆိုင်ကြကြောင်း၊သစ်အိမ်အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာ ရာသီအလိုက် နေ့စားကျပန်းလုပ်ကိုင်ကြသော မြေယာမဲ့



များလည်းရှိကြောင်း၊ ဝါးအိမ်အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ ရှိရပါသည်။ ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင် အိမ်ထောင်စု(၃၀၁)အနက် မြေယာမဲ့အိမ်ထောင်စု (၄၁)%ရှိကြောင်း၊ ဆင်းရဲသားတောင်သူ(၃၃)%ရှိကြောင်း၊ တောင်သူငယ် အိမ်ထောင်စု(၁၃)%ရှိကြောင်း၊ စိုက်ပျိုးမြေယာ ကေ(၅)ကေနှင့်(၁၂.၅)ကေကြားပိုင်ဆိုင်သူတောင်သူလတ်အိမ်ထောင်စု (၁၁)%ရှိ ကြောင်း၊ စိုက်ပျိုးမြေယာကေ(၁၂.၅)ကေအထက်ပိုင်ဆိုင်သူ တောင်သူကြီးအိမ်ထောင်စု(၂)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာသည် ကိုင်းအားအဓိကလုပ်ကိုင်သောဒေသဖြစ်သဖြင့် ကိုင်းစိုက် ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာ လက်တွန်းထွန်စက်(၉)စီး၊ ခြွေလှေ့စက်(၃)စီး၊ ရေစုပ်စက်(၃၃)စီးဖြစ်ပါသည်။လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများမရှိ၍ လက်တွန်းထွန်စက်တို့အားငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက် (၁၆၉)အိမ်ရှိကြောင်း၊ ခြွေလှေ့စက်အားငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၁၇၅)အိမ်ရှိကြောင်း၊ရေစုပ်စက်အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၁၄၅)အိမ်ရှိကြောင်း၊ ကျေးရွာမှစုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်၊ အဖွဲ့ပိုင် စက်ကိရိယာ များမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာရှိ အိမ်ထောင်စုပေါင်း(၃၀၁)အနက် (၃)လနှင့် (၆)လကြားဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍ စားဝတ်နေရေးဖြေရှင်းနေရသော အိမ်ထောင်စုပေါင်း(၃၇)အိမ်ရှိပြီးဝမ်းစာမဖူလုံသောအိမ်ထောင်စုများမှာလည်းအသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းသောအိမ်ထောင်စုများ၊မိသားစုဝင်များပြားပြီး ကလေးငယ်များသော အိမ်ထောင်စုများဖြစ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက်အိမ်ထောင်စု၊မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့် ပုဂ္ဂိုလ်ရှိသည့်အိမ်ထောင်စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု၊ အခြားဒေသသို့ ကြာမြင့်စွာသွားရောက် လုပ်ကိုင်နေသော ဆင်းရဲသည့်အိမ်ထောင်စုများမရှိသောကြောင့် ကူညီစောင့်ရှောက်မှုအထူးလိုအပ်နေသော အုပ်စုများမရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ အန္တရာယ်ရှိနိုင်သည့် ထိခိုက်သက်ရောက်မှုများမရှိကြောင်း၊မပြေလည်သောအိမ်ထောင်စုများမှာ(၃)လနှင့်(၆)လကြား စားနပ်ရိက္ခာ မဖူလုံသောကြောင့် လုပ်အားခကြိုတင်ယူ၍ မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရသည့် အခြေအနေမျိုးရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။ ကျေးရွာသည် ဇလွန်မြို့၏အရှေ့ဘက်ရောဝတီမြစ်တစ်ဖက်ကမ်းတွင် တည်ရှိသော ကျေးရွာဖြစ်ပြီး ရေလမ်းခရီးဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုအနည်းအကျဉ်းရှိကြောင်း၊တီဘီရောဂါသည် အနည်းအကျဉ်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊ စိုက်ပျိုးရေ) ရှားပါးမှု၊

မိုးခေါင်မှု၊ အအေးလွန်ကဲမှု၊ ပြင်းထန်သောမုန်တိုင်း၊ ငလျင်ဒဏ်၊ မီးဘေး၊ သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ ကျေးရွာတွင်း ပဋိပက္ခ၊ တိရစ္ဆာန်ကူးစက်ရော ဂါကျ ရောက်မှု၊လူကုန်ကူးမှုစသည့် ထိခိုက်မှုမျိုးမရှိကြောင်း၊ မြစ်ကမ်းဘေးကျေးရွာဖြစ်ပြီးကမ်းပြိုမှု ဒဏ်ကို နှစ်စဉ်ခံစားနေရပြီး၊ ကမ်းပြိုမှုကြောင့် ကိုင်းမြေများဆုံးရှုံးမှု၊ အိမ်နေရာ အရွှေ့အပြောင်း များအား နှစ်စဉ်ကြုံတွေ့နေရကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်ထိခိုက်သက်ရောက်မှုခံရသူများအတွက်အုပ်စု ကဏ္ဍ အလိုက်ခွဲခြားသတ်မှတ်ရာတွင်မြေယာမဲ့ဆင်းရဲသားတောင်သူကျပန်းအလုပ်သမားများနှင့် အမျိုး



သမီးဦးဆောင်သည့်အိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော်လည်း ထိခိုက် သက်ရောက်မှုနိမ့်ကြောင်း၊လူငယ်များသည်အရက်သေစာသောက်စားမှုရှိသောကြောင့် ထိခိုက်သက် ရောက်မှုအနည်းအကျဉ်းသာရှိကြောင်း၊ကျေးရွာတစ်ရွာလုံးသည် တာအပြင်ဘက်ခြမ်း တွင်ရှိသော ကြောင့်အိမ်ထောင်စုများအားလုံးမိုးတွင်းအခါရေးကြီးတတ်သောကြောင့်နေရေးထိုင်ရေး၊ သွားရေး လာရေး၊စားဝတ်နေရေးအခက်အခဲအနည်းအကျဉ်းရှိကြောင်း၊မြစ်ကမ်းပြိုသည့် သဘာဝဘေးဒဏ် အားနှစ်စဉ် ကြုံတွေ့နေရသောကြောင့် ကျေးရွာခေတ်မီဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါ ဘယဖြစ်ပွားမှုနည်းပါးကြောင်း၊ရာသီချိန်များတွင်ဖြစ်တတ်သည့်ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ် ကွေးစသည့် ရောဂါဖြစ်ပွားမှုအနည်းအကျဉ်းရှိသော်လည်း ပျံ့နှံ့ကူးစက်မှုအန္တရာယ် မရှိကြောင်း၊ ကျေးရွာနှင့် (၂)မိုင်ခန့် အကွာတွင် ကလောတိုက်နယ်ဆေးရုံရှိသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ကောင်းစွာရရှိပြီး အဆင်ပြေမှု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေး ထိုးနှံခြင်းများနှင့် အခြားစုပေါင်းကာကွယ်ဆေးအနေဖြင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦး နှောက်ရောင်ကာကွယ်ဆေးထိုးနှံမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင် ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ အနေဖြင့် ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဌာနရှိခြင်း၊ (၁)မိုင်အကွာ ဂုံညှင်းတန်း ကျေးရွာအတွင်းတွင် ဂုံညှင်းတန်းကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊ (၂)မိုင်နီးပါးခန့်ကွာဝေးတော ကလောတွင် ၂၀၁၄ခုနှစ် တွင် တည်ဆောက်ထားသော (၁၆)ကုတင်ဆံ့တိုက်နယ်ဆေးရုံရှိခြင်း၊ ဆေးရုံအတွင်းတွင် အခန်း၊ ကုတင် ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့်(၅)မိုင်(၄)ဖာလုံအကွာ မြစ်တစ်ဖက်ကမ်းတွင်ဇလွန်ပြည်သူ့ဆေးရုံ ကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင် ပြည့်စုံလုံလောက် မှုရှိခြင်းတို့ကြောင့်ကျန်းမာရေးနှင့်ပတ်သက်၍အခက်အခဲတစ်စုံတစ်ရာမရှိကြောင်း၊ အဆင်ပြေပါ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၂၅)ဦး၊ မ(၁၅)ဦး၊ စုစုပေါင်း (၄၀)ဦး၊ (၄)% ရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေ ကျား(၃၅၁)ဦး၊ မ(၄၁၁)ဦး၊ စုစုပေါင်း (၇၆၂)ဦး၊ (၆၉)%ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၉၀)ဦး၊ မ(၆၆)ဦး၊ စုစုပေါင်း(၁၅၆)ဦး၊ (၁၄)% ရှိကြောင်း၊ အထက်တန်းအဆင့်ရှိသူဦးရေ ကျား(၅၈)ဦး၊ မ(၄၃)ဦး၊ စုစုပေါင်း(၁၀၁)ဦး၊ (၉)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူဦးရေ ကျား(၃၆)ဦး၊ မ(၁၁)ဦး၊ စုစုပေါင်း(၄၇)ဦး၊ (၄)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၌လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့် ကျား (၅၄)ဦး၊ မ(၅၅)ဦး၊ စုစုပေါင်း(၁၀၉)ဦး၊ (၁၀၀)%ရှိကြောင်း၊ အလယ်တန်းအဆင့် ကျား(၃၈)ဦး၊

မ(၃၈)ဦး၊ စုစုပေါင်း (၇၆)ဦး၊ (၆၇)%ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၂၅)ဦး၊ မ(၂၈)ဦး၊ စုစုပေါင်း (၅၃)ဦး၊ (၇)%ရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ကျား(၁၉)ဦး၊ မ(၁၇)ဦး၊ စုစုပေါင်း(၃၆)ဦး၊ (၄)%ရှိကြောင်း၊ KG အရွယ်ကျောင်းသား ကျား(၂၄)ဦး၊ မ(၂၂)ဦး၊ စုစုပေါင်း (၄၇)ဦး (၅၂)%တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာအလယ်ပိုင်းတွင် အခြေခံပညာမူလတန်း ကျောင်းရှိပြီး ဘက မူလွန်ကျောင်းနှင့် ဘကမူလတန်းကျောင်းရှိပါသည်။ အခြေခံပညာမူလတန်းကျောင်းတွင် (၉၀'x၃၀') အတိုင်းအတာရှိကွန်ကရစ်(၁)ဆောင်၊ (၄၂'x၂၃') အတိုင်းအတာရှိ သစ်သားဆောင် (၁)ဆောင်၊ စုစုပေါင်းကျောင်းဆောင်(၂)ဆောင်ရှိကြောင်း၊ (၆'x၆') မိုးရေကန်လည်းရှိကြောင်း၊



ကျောင်းအိမ်သာမှာလည်းကောင်းမွန်ပြီးဆရာ/ဆရာမများကျောင်းသား/သူများအတွက် လုံလောက်မှုရှိကြောင်း၊(၂)ခန်းတွဲအိမ်သာဖြစ်ကြောင်း၊ကျောင်းဆရာ/ဆရာမစုစုပေါင်းကျောင်း ဆရာ(၂)ဦး၊ ကျောင်းဆရာမ(၄)ဦး၊စုစုပေါင်း(၆)ဦးတို့ရှိပြီး ဆရာ၊တပည့်အချိုး ကိုက်ညီမှုရှိကြောင်း၊ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများမှာလည်းရွာမှဖြစ်စေ ဆရာ/မများမှဖြစ်စေ အလှူရှင်ရှိပါကလည်း တိုက်ကျွေးမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ အခက် အခဲမရှိ၊ အဆင်ပြေပါကြောင်း လေ့လာတွေ့ရှိရ ပါသည်။ ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ကျား(၁၅)ဦး၊မ(၂)ဦး၊စုစုပေါင်း(၁၇)ဦးဖြင့်ဖွဲ့စည်းထားသော မိဘဆရာအသင်းရှိပြီးပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိကြောင်း၊ ကျောင်းတွင် ကျောင်းဆရာ/မ လုံလောက်မှုရှိကြောင်း၊မိသားစုစားဝတ်နေရေးအရသော်လည်းကောင်း(သို့မဟုတ်) ကျောင်းသူ/ကျောင်းသားတို့၏စိတ်ဝင်စားမှုအားနည်းမှုတို့ကြောင့်လည်းကောင်းမူလတန်းအဆင့်ဖြင့် ကျောင်းထွက်နှုန်းဦးရေများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာရှိကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့် ပတ်သက်၍ ကျေးရွာ ဖွံ့ဖြိုး ရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်သော်လည်း အခန်း ကဏ္ဍ နည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများတက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုးမရှိ ကြောင်း ၊ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာ အတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြား မှုများ မရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် ကျေးရွာသူ /ကျေးရွာသားများထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာသည် ကိုင်းလုပ်ငန်းတစ်မျိုးတည်းအဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ်သဖြင့် ကိုင်းလုပ်ငန်းများတွင် ရာသီအလိုက်နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်း ထားအများဆုံးမှာ (၅၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခနှုန်းထား အများဆုံးမှာ (၄၀၀၀)ကျပ်ဖြစ် ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် သီးသန့်အဖွဲ့အစည်း ဖွဲ့စည်းထားခြင်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊လူငယ်၊ကျား၊မ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့် ကောင်းများရှိပါသည်။ ကျေးရွာသူ ကျေးရွာသားများသည် ဗမာလူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် ဗုဒ္ဓ ဘာသာဘုန်းကြီးကျောင်း(၁)ကျောင်း၊ ဓမ္မာရုံ (၁)ကျောင်း၊ စေတီ(၁)ဆူ ရှိပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်းလူထုအခြေပြုအဖွဲ့အစည်းများမှာအဖွဲ့ဝင်(၁၀)ဦးဖြင့်ဖွဲ့စည်းထားသော မီးသတ်အဖွဲ့ရှိပြီး မီးဘေးကြိုတင်သတိ

ပေးမှုများ ရှိကြောင်း၊ အဖွဲ့ဝင်(၄၀)ဦးဖြင့် ဖွဲ့စည်းထားသော မေတ္တာရိပ်ပရဟိတအဖွဲ့၊ အဖွဲ့ဝင်(၃၅) ဦးဖြင့် ဖွဲ့စည်းထားသောအောင်မြင်သူပရဟိတအဖွဲ့တို့ရှိပြီး ထိုပရဟိတအဖွဲ့တို့မှာကျေးရွာ၏ သာသနာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စအဝဝ ဆောင်ရွက်ကြကြောင်း၊ အဖွဲ့ဝင်(၁၅) ဦးဖြင့်ဖွဲ့စည်းထားသော မိဘဆရာအသင်းအဖွဲ့တို့ရှိပြီး စာသင်ကျောင်း၏လိုအပ်ချက်များကိုဝိုင်းဝန်းဆောင်ရွက်ကြကြောင်း၊ အဖွဲ့အစည်းတို့၏စွမ်းဆောင်နိုင်မှုသင့်တင့်ကောင်းမွန်ပါကြောင်းလေ့လာတွေ့ရှိရပါသည်။ ဖားလက် ခို (ဇင်ယော်ကျွန်း)ကျေးရွာတွင် (ရတနာပုံ)ဘက မူလွန်ကျောင်းရှိပြီး မူလွန်ကျောင်းတွင် (၇)တန်း အထိ ဖွင့်လှစ်ထားပါသည်။ ခမ္မစကူးလ်ဖောင်ဒေးရှင်းမှ ကလေးများအတွက် အဝတ်အစားနှင့်စာအုပ် များ ထောက်ပံ့လှူဒါန်းမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၁

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ဖားလက်ခို(ဇင်ယော်ကျွန်းကျေးရွာသည် ရေမြုပ်ကွင်းကျေးရွာဖြစ်သောကြောင့် မိုးရာသီကာလတွင်အလုပ်နားပြီးရေကျချိန် နိုဝင်ဘာလတွင် ပြောင်းပဲမျိုးစုံနှင့်ငရုပ်တို့အား အဓိကသီးနှံအဖြစ် စိုက်ပျိုး ကြပြီး ပြောင်း(၁)ကေ ပျမ်းမျှအထွက်နှုန်း(၉၀)တင်း၊ ပဲမျိုးစုံ(၁)ကေပျမ်းမျှ အထွက်နှုန်း (၉)တင်း၊ငရုပ်(၁)ကေပျမ်းမျှအထွက်နှုန်း (၂၀၀)ပိဿနှုန်းဖြစ်ကြောင်း၊ သီးနှံများအတွက်ပံ့ပိုးရသော သွင်းအားစု လိုအပ်ချက်မှာပုံမှန်ဖြစ်ကြောင်း၊ သီးနှံများဖြစ်ထွန်းမှု အကျိုးအမြတ် ရရှိမှုများမှာလည်း သင့်တင့်ကောင်းမွန်ကြောင်း၊ ပြောင်းကို အဓိကထားအားထားစိုက်ပျိုးရာဒေသဖြစ်ကြောင်း၊ ပြောင်း၊ ပဲမျိုးစုံနှင့် ငရုပ်အား စီးပွားဖြစ်စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၏ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းကောင်း များမှာ ကိုင်းအဓိကစိုက်ပျိုးရေးဒေသဖြစ်သဖြင့် ကိုင်းမြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေး အတွက်လိုအပ်သော ဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်း အားစုများ ဝယ်ယူရရှိ နိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေး အတွက် လိုအပ်သော သွင်းအားစုရေကိုရောဝတီမြစ်မှတိုက်ရိုက် ရရှိနိုင်ခြင်း၊ကိုင်းမြေဆီမြေလွှာ ကောင်းမွန်ခြင်းတို့ဖြစ်ကြပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၏သီးနှံထုတ်လုပ်မှုအတွက် ပြဿနာအခက်အခဲများမှာ စိုက်ပျိုးရေးသုံးအရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးယူရရှိပြီး ထုတ်ချေးချိန်နောက်ကျခြင်းတို့ကြောင့် ပြောင်းထွက်ရှိချိန်တွင်ပြောင်းဈေးနှုန်းကျဆင်းနေသည့်အခါ အများစုသည်မိမိတို့ ပြောင်းထုတ်ရောင်းရသဖြင့်အကျိုးအမြတ်များစွာဆုံးရှုံးရခြင်း၊ယခုနှစ်တွင် စိုက်ခင်းများတွင် ဖျက်ပိုးကျ ရောက်မှု ဆိုးရွားခြင်းတို့ဖြစ်ပွားလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာနွားမွေးမြူ သော အိမ်ထောင်စု(၁၉)အိမ် အကောင်ရေ(၄၁)ကောင်၊ ဝက်မွေးမြူသောအိမ်ထောင်စု(၈၈)အိမ်အကောင် ရေ (၁၄၃) ကောင်၊ ကြက်မွေးမြူသောအိမ်ထောင်စု (၁၃၉)အိမ် အကောင်ရေ(၅၁၉)ကောင်၊ ဘဲမွေးမြူသောအိမ်ထောင်စု (၇)အိမ် အကောင်ရေ (၂၄)ကောင်၊ ကျွဲ၊ မြင်း၊ မြည်း၊ လား၊ ဆိတ်၊ သိုး၊ မွေးမြူ သော အိမ်ထောင်စုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင် ကြက်၊ ဘဲ၊ ဝက်၊ နွားမွေးမြူရေးကဏ္ဍတွင် ပြဿနာအခက်အခဲများရှိ၍ စီးပွားဖြစ်မမွေးမြူကြခြင်း မဟုတ်ပါ။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၏မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုမှာစီးပွားဖြစ် မွေးမြူကြ ခြင်းမဟုတ်ဘဲ တစ်ပိုင်တစ်နိုင်မွေးမြူကြခြင်းသာဖြစ်ပါသည်။ငါးလုပ်ငန်းနှင့်ပတ်သက်၍ မြစ်ထဲတွင် ဟင်းစားအဖြစ် ရှာဖွေစားသောက်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် ကိုင်းစိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရေး တစ်ပိုင် တစ်နိုင် ကြက်၊ဘဲ၊ဝက်မွေးမြူခြင်း၊ ရာသီအလိုက် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ် လုပ်ကိုင်ခြင်း၊ ဖောကာမောင်းခြင်း၊ စက်လှေအငှားလိုက်ခြင်းတို့ဖြင့် အဓိကအသက်မွေးကြပါသည်။ ကိုင်းလုပ်ငန်းအဓိကလုပ်ကိုင်သူ(၆၀)%၊ကိုင်းလုပ်ငန်းများတွင်ရာသီအလိုက်နေ့စားအလုပ်လုပ်ကိုင်သူ (၃၈)%၊ အပ်ချုပ်စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူနှင့် ပညာရေးဝန်ထမ်းလုပ်ကိုင်သူ (၂)%လည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာသည်ဇလွန်မြို့၏အရှေ့ ဘက် ဧရာဝတီမြစ် တစ်ဖက်ကမ်းတွင် တည်ရှိသော ကျေးရွာဖြစ်သော်လည်းကျေးရွာနှင့်ဇလွန်မြို့သို့ တိုက် ရိုက်မော်တော်များ၊စက်လှေများအချိန်မရွေးပြေးဆွဲနေသောကြောင့်ကျေးရွာ၏ဒေသ ထွက်ကုန်များ

အားရောင်းချရန်ဈေးကွက်ကောင်းရှိပါသည်။ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာသည် ဧရာဝတီမြစ် တစ်ဖက်ကမ်းကျေးရွာဖြစ်ခြင်း၊ဇလွန်မြို့နှင့်(၅)မိုင်ကွာဝေးခြင်းတို့ကြောင့်လျှပ်စစ်မီးမရရှိသေး သည့်



အတွက်စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူများသည် လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သည့်အလုပ်အကိုင်အခွင့်အလမ်းများ၊ဝင်ငွေတိုးပွား မှုများမရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များစီမံခန့်ခွဲမှုစနစ်၌ ကိုင်းအဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် ကိုင်းစိုက်ပျိုးရေးလုပ်ငန်းတို့မှထွက်ရှိသောအမှိုက်များအား မြေဩဇာအဖြစ်ပြန်လည်သုံးစွဲခြင်းများပြုလုပ်လေ့ရှိကြောင်း၊နေအိမ်များမှထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများအား တစ်ဦးချင်းတစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့် သီးသန့်နေရာ စီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများကြောင့် ဆိုးကျိုးဖြစ်ပွားမှုအန္တရာယ် မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှု ဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကိုကာကွယ်ရန်သဘာဝမြေဩဇာသုံးစွဲမှုနည်းပါးပြီးအလွယ်တကူအသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာအသုံးပြုလေ့ရှိ ကြောင်း ၊ စိုက်ပျိုးရေးမျိုးကောင်း မျိုးသန့်များ ရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် ကိုင်းသမားများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်း ပြား ၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြသည်။ ကျေးရွာ၏ သုံးပုံနှစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း ၁.၅ကျပ်)နှင့် UNDP ချေးငွေ (အတိုးနှုန်း ၂.၅ကျပ်)၊သမဝါယမချေးငွေ(အတိုးနှုန်း ၂ကျပ်)တို့ဖြင့် စားဝတ်နေရေးနှင့် တစ်နိုင်တစ်ပိုင်အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ငွေတိုးချေးသူများထံမှ (အတိုးနှုန်း၅ကျပ်)နှုန်းဖြင့်ချေးယူသူအနည်းအကျဉ်းမျှသာရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူ ကြကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲအလွန်ဆင်းရဲ အိမ်ထောင်စုများ၏အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ် ချက်အရ အကြွေးတင်ရှိမှု နည်းပါးကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၏သောက်သုံးရေရရှိမှုမှာကိုယ်ပိုင်တုံကင်တွင်း(စက်တပ်) အသုံးပြုသူအိမ်ထောင်စု(၃၇)အိမ်ရှိကြောင်း၊ ကိုယ်ပိုင်တုံကင်တွင်းအသုံးပြုသူ အိမ်ထောင်စု(၂၃၆) အိမ် ရှိကြောင်း၊ မြစ်ချောင်းမှသော်လည်းကောင်း၊ အိမ်းနီးချင်းတုံကင်တွင်းများမှ ပေါင်းစပ် အသုံးပြုသူ အိမ်ထောင်စု (၂၈)အိမ် ရှိကြောင်း၊ တုံကင်တွင်းနှင့် မြစ်ချောင်းတို့မှ နွေ၊မိုး၊ဆောင်း၊ ရာသီသုံးပါးစလုံး သောက်သုံးရေအတွက် လုံလောက်မှုရှိကြောင်း၊ အဆင်ပြေမှုရှိကြောင်း၊ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသောဖားလက်ခိုကျေးရွာတွင်းနက်ရှိသော်လည်းရေမြုပ်ကွင်းကျေးရွာဖြစ် သောကြောင့် မိုးတွင်း အခါ သန့်ရှင်းသောသောက်သုံးရေမရရှိသည့်အတွက် ရေသန့်စက်မှ အိမ်ခြေ(၂၀) တစ်ဖြတ် ရေပိုက်ခေါင်း (၁)ခုတပ်ဆပ်လျှင် အဆင်ပြေနိုင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတစ်ရွာလုံး ရေလောင်း/ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲ ကြကြောင်း လေ့လာတွေ့ရှိရပါသည်။



## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်းရှိ လူငယ်များသည် သာရေး၊ နာရေးနှင့် ဘာသာရေး ဆိုင်ရာကိစ္စရပ်များတွင်တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင်နေထိုင်သောသူ များ မှာ ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဘုရားပွဲ၊ ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း၊ ဘုရားပွဲများတွင် နှစ်စဉ် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဇာတ်ပွဲများဖြင့် ဖျော်ဖြေမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိလူငယ်လူရွယ်များ စာပေဗဟုသုတများစိတ်ဝင်စားလာစေရန်၊ကျေးရွာသူကျေးရွာသားများစုပေါင်း၍ကျေးရွာစာကြည့်တိုက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာဦးရွာဖြတ်လမ်း(၁၅၇၅ပေ)အတိုင်းအတာရှိမြေသားလမ်း၊ ရွာအရှေ့လမ်း(၃၀၇၇ပေ)အတိုင်းအတာရှိမြေသားလမ်း၊ရွာအနောက်လမ်း(၂၉၅၇ပေ)အတိုင်းအတာ ရှိမြေသားလမ်း၊ စာသင်ကျောင်းနှင့် ဘကကျောင်းဆက်သွယ်ထားသောလမ်း(၁၉၅၇ပေ)အတိုင်းအ တာရှိ မြေသားလမ်းများရှိကြောင်း၊ လမ်းများမှာ မြေသားလမ်းဖြစ်သောကြောင့် ဆက်သွယ်သွားလာရေးအခက်အခဲများရှိနေသောကြောင့်ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်လိုကြောင်း လေ့လာတွေ့ရှိရပါသည်။ဖားလက်ခိုကျေးရွာအတွင်းတွင်မည်သည့်တံတားမှမရှိကြောင်းလေ့လာတွေ့ရှိရပါသည်၊

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာသည်လက်ရှိတွင် ဆိုလာအသုံးပြုသူအိမ်ထောင်စု (၁၀၈) အိမ်၊(၃၆)%၊ဒီဇယ်အင်ဂျင်အသုံးပြုသူအိမ်ထောင်စု(၇)အိမ်(၂)%၊ဆိုလာရှိသောအိမ်များတွင်ဘက်ထ ရီအိုးခြောက်များတစ်ခါသွင်း (၁၀၀)ပေး၍ ဘက်ထရီအိုးအသုံးပြုသူအိမ်ထောင်စု(၁၈)အိမ်၊(၆)%ရှိ ကြောင်း၊

ဖယောင်းတိုင်မီးအသုံးပြုသောအိမ်ထောင်စု (၁၇၁)အိမ် (၅၇)%ရှိကြောင်း၊ လျှပ်စစ်မီးလင်းရေးရရှိလိုကြောင်း၊သွယ်တန်းခွင့်ရရှိပါကမိမိတို့ကျေးရွာလည်းအကောင်အထည်ဖော်ဆောင်ရွက်လိုခြင်း၊ ကျေးရွာမှ ငွေကြေးမတတ်နိုင်ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်ပေးပါက ကျေးရွာမှလည်းတတ်အားသရွေ့လူအင်အား၊ငွေအင်အားတို့ထည့်ဝင်၍အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်းလေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရရှိရေး အတွက် ဖုန်း(၁၀၇)လုံး၊ ရေဒီယို(၆၇)လုံး၊ တီဗွီ(၉၈)လုံး၊ ဂြိုလ်တုစလောင်း(၇၀)လုံးဖြင့်အသုံးပြုနိုင်မှုရှိကြောင်း၊ mpt၊ telenol၊ ooredoo၊ mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့် ဆက်သွယ်အသုံးပြု နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့အတွက်(၅)မိုင်ကျော်ကွာဝေးသော အနီးဆုံးဈေး“ဇလွန်ဈေး’သို့သွားလာကြပြီးစားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများဝယ်ယူရရှိနိုင်ပါသည်။ ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာသည် ပစ္စည်းစုံဝန်ဆောင်မှုများအတွက်(၂၁)မိုင်အထက်ကွာဝေးသော ဟင်္သာတမြို့သို့ ဆိုင်ကယ်၊ ကား/ ထော်လာဂျီတို့ဖြင့် ဆက်သွယ် သွားလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။



**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT, Telenor, Ooredooကဲ့သို့သောဖုန်းလိုင်းများမိသောကြောင့်အလွယ်တကူဆက်သွယ်နိုင်ပြီးကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internet ပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အတွက်လည်း အလွယ်တကူ အကြောင်းကြားကာ အကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

မြစ်ချောင်းနှင့်နီးပြီးသဲ၊ကျောက်များ၊လမ်းခင်းကျောက်များအလွယ်တကူရရှိနိုင်ခြင်း၊ မိုးရာသီတွင် ရေကြောင်းခရီးဖြင့် အခြားမြို့ရွာများသို့သွားလာနိုင်ခြင်း၊ လယ်ယာများတွင်အသုံးပြုသောလှည်းလမ်း များသည် နွေအခါတွင်ကားများသွားလာနိုင်ခြင်း၊ လယ်ကွင်းများဆားငံရည်မဝင်ခြင်းတို့ကြောင့်ကျေးရွာ၏ တည်နေရာ အနေအထားကောင်းမွန်ပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများအနေဖြင့် ကျေးရွာအတွင်းတွင် ကျေးလက် ကျန်းမာရေးဌာနရှိခြင်း၊ (၁)မိုင်အကွာ ဂုံညင်းတန်းကျေးရွာ

အတွင်းတွင်ဂုံညှင်းတန်း ကျေးလက်ကျန်းမာရေးဌာနခွဲရှိခြင်း၊ (၂)မိုင်နီးပါးခန့်ကွာဝေးတော ကလော တွင် ၂၀၁၄ခုနှစ်တွင်တည်ဆောက်ထားသော (၁၆)ကုတင်ဆံ့တိုက်နယ်ဆေးရုံရှိခြင်း၊ ဆေးရုံ အတွင်း တွင်အခန်း၊ကုတင် ပြည့်စုံလုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့်(၅)မိုင်(၄)ဖာလုံအကွာ မြစ်တစ် ဖက်ကမ်း တွင် ဇလွန်ပြည်သူ့ဆေးရုံ ကြီးရှိပြီး လိုအပ်သောအခန်း၊ ကုတင်ပြည့်စုံလုံလောက်မှုရှိခြင်းတို့ကြောင့် ကျန်းမာရေးနှင့်ပတ်သက်၍ အခက်အခဲတစ်စုံတစ်ရာမရှိကြောင်းအဆင်ပြေပါကြောင်းလေ့လာ တွေ့ ရှိ ရပါသည်။ ကျေးလက်ဦးစီးဌာနမှ တည်ဆောက်ပေးထားသော ဖားလက်ခိုကျေးရွာ စက်ရေတွင်း ရှိခြင်းကြောင့် ရေကောင်းရေသန့် လုံလောက် စွာရရှိခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ် များ နှစ်စဉ်ရှိခြင်း၊ ကျန်းမာရေးပညာပေးအစီအစဉ် များရှိခြင်းတို့ကြောင့် ကျေးရွာသည် ကျန်းမာရေး နှင့် ပတ်သက်၍အခက်အခဲမရှိ အဆင်ပြေပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းရှိခြင်း၊ ဘာကမူလွန်ကျောင်းရှိခြင်း၊ ဘုန်းကြီးကျောင်းရှိခြင်း၊ ဘုရား စေတီရှိခြင်း၊ ဓမ္မာရုံရှိခြင်း၊ ကျေးလက်ကျန်းမာရေးဌာနရှိခြင်းတို့ကြောင့် ကျေးရွာသည် အခြေခံအဆောက် အဦသင့်တင့်ပြည့်စုံမှု ရှိပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာတွင်အရံမီးသတ်အဖွဲ့၊မေတ္တာရိပ်ပရဟိတအဖွဲ့၊အောင်မြင် သူ ပရဟိတအဖွဲ့၊ မိဘဆရာအသင်းအဖွဲ့တို့ရှိပြီး အမှန်တကယ်ကျေးရွာအတွင်းထိထိရောက်ရောက် ပါဝင်လုပ်ဆောင်ကြပါသည်။

၁၅

## (ခ) အဟာန့်အတားနှင့် စိန်ခေါ်မှု

အနီးအနားပတ်ဝန်းကျင်စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ဇလွန်မြို့နှင့်မြစ်ကူးချောင်းခြားဝေးလံ ခေါင်သီသော အရပ်ဒေသတို့၌ တည်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးကြန့်ကြာမှုများရှိနေပါသည်။

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာ၌ ရွာဖြတ်လမ်း(၁၅၇၅ပေ)အတိုင်းအတာရှိမြေသားလမ်း၊ ရွာအရှေ့လမ်း (၃၀၇၇ပေ) အတိုင်းအတာရှိ မြေသားလမ်း၊ ရွာအနောက်လမ်း(၂၉၅၇ပေ) အတိုင်းအတာရှိမြေသားလမ်း၊စာသင်ကျောင်းနှင့်ဘာကကျောင်းဆက်သွယ်ထားသော လမ်း(၁၉၅၇ပေ) အတိုင်း အတာရှိမြေသားလမ်းများရှိကြောင်း၊ လမ်းများမှာမြေသားလမ်းဖြစ်သောကြောင့် ဆက်သွယ်သွာ လာရေးအခက်အခဲများရှိနေပါသည်။ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ဖားလက်ခို ကျေးရွာ တွင်းနက်ရှိ သော်လည်း ရေမြုပ်ကွင်းကျေးရွာဖြစ်သောကြောင့် မိုးတွင်းအခါ သန့်ရှင်းသော သောက်သုံးရေမရရှိသည့်အတွက်ရေသန့်စက်မှအိမ်ခြေ(၂၀)တစ်ဖြတ် ရေပိုက်ခေါင်း(၁)ခုတပ်ဆပ်လျှင် အဆင်ပြေနိုင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

လျှပ်စစ်မီးလင်းရေးအားကျေးရွာတစ်ရွာလုံးမှအင်တိုက်အားတိုက်ရှိနေသော်လည်းမဟာဓါတ် အားလိုင်းနှင့် အလှမ်းကွာဝေးသောကြောင့် အခက်အခဲများရှိနေပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်–

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာဖြတ်လမ်း(၁၅၇၅ပေ)လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့် တင်ဆောင်ရွက်နိုင်ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာအရှေ့လမ်း(၃၀၇၇ပေ)လမ်းအား ကွန်ကရစ် လမ်းအဆင့်မြှင့် တင်ဆောင်ရွက်နိုင်ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ရွာအနောက်လမ်း(၂၉၅၇ပေ)လမ်းအားကွန်ကရစ်လမ်းအဆင့် မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာသင်ကျောင်းနှင့်ဘာကကျောင်း ဆက်သွယ်ထားသောလမ်း (၂၉၅၇ပေ)လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရမည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည်လျှပ်စစ်မီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်နိုင် ရမည်။

က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရေသန့်စက်မှ အိမ်ခြေ(၂၀)တွင် ရေပိုက်ခေါင်း(၁)ခုတပ်ဆင်၍ သောက် သုံးရေဖူလုံစွာရရှိနိုင်ရမည်။



## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်း တိုင်များကိုအောက်ပါအတိုင်း ချမှတ်ထားပါသည်–

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာဖြတ်လမ်း(၁၅၇၅ပေ)လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့် တင် ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေ များကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာအရှေ့လမ်း(၃၀၇၇ပေ)လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့် တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင်ငွေ များ ကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

ခ.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာအနောက်လမ်း(၂၉၅၇ပေ)လမ်းအား ကွန်ကရစ်လမ်းအဆင့် မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်းထည့်ဝင် ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၁.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာသင်ကျောင်းနှင့်ဘာကကျောင်း ဆက်သွယ်ထားသောလမ်း (၂၉၅၇ပေ)လမ်းအားကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ကျေးရွာမှလည်းထည့်ဝင်ငွေများကောက်ခံ၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၁.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် လျှပ်စစ်မီးလင်းရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

၁.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရေသန့်စက်မှ အိမ်ခြေ(၂၀)တွင် ရေပိုက်ခေါင်း(၁)ခုတပ်ဆင်၍ သောက် သုံးရေဖူလုံစွာရရှိနိုင်ရေး ကျေးလက်ဦးစီးဌာနသို့ တင်ပြ၍ ပူးပေါင်းဆောင်ရွက်သွားမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့ မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက် များနှင့် ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။



**(ခ) ကျေးရွာဖြတ်လမ်း ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာအတွင်းရှိရွာဖြတ်လမ်း(၁၅၇၅ပေ)လမ်းမှာမြေသား လမ်းဖြစ်သောကြောင့် ရာသီမရွေး ကျောင်းသား/ကျောင်းသူများ၊ ကျေးရွာသူကျေးရွာသားများ၊ ရဟန်းရှင်လူများအားလုံးဆက်သွယ်သွားလာရေးအခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဂ) ကျေးရွာအရှေ့လမ်း ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာအတွင်းရှိကျေးရွာအရှေ့လမ်း(၃၀၇၇ပေ)လမ်းမှာမြေသာ းလမ်း ဖြစ်သောကြောင့် ရာသီမရွေး ကျောင်းသား/ကျောင်းသူများ၊ ကျေးရွာသူကျေးရွာသားများ၊ ရဟန်းရှင်လူများအားလုံးဆက်သွယ်သွားလာရေး အခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက်ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ကျေးရွာမှလည်းထ ည့် ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဃ) ကျေးရွာအနောက်လမ်း ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာအတွင်းရှိ ကျေးရွာအနောက်လမ်း(၂၉၅၇ပေ)လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့်ရာသီမရွေးကျောင်းသား/ကျောင်းသူများ၊ကျေးရွာသူကျေးရွာသားများ ၊ရဟန်းရှင်လူများအားလုံးဆက်သွယ်သွားလာရေး အခက်အခဲများရှိနေသောကြောင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက်ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာမှလည်း ထည့်ဝင်ငွေများကောက်ခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(င) စာသင်ကျောင်းနှင့်ဘကကျောင်းဆက်သွယ်ထားသောလမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း**

ဖားလက်ခို(ဇင်ယော်ကျွန်း)ကျေးရွာအတွင်းရှိ စာသင်ကျောင်းနှင့်ဘကကျောင်းဆက်သွယ်ထား သောလမ်း (၂၉၅၇ပေ) လမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် ရာသီမရွေး ကျောင်းသား/ ကျောင်းသူများ၊ ကျေးရွာသူကျေးရွာသားများ၊ ရဟန်းရှင်လူများအားလုံး ဆက်သွယ်သွားလာရေး အခက်အခဲများ ရှိနေ သောကြောင့် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကျေး လက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ကျေးရွာမှလည်းထည့်ဝင်ငွေများကောက်ခံ၍အကောင်အထည် ဖော် ဆောင်ရွက်သွားမည်။

**(စ) ကျေးရွာမှ လျှပ်စစ်မီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း**

ကျေးရွာမှာ စီးပွားရေးအဆင့်အတန်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသောကြောင့် ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်စေရေး၊ လျှပ်စစ်မီး လင်းရေးရရှိရေးအတွက် ကျေးရွာမှစိတ်အားထက်သန်နေသောကြောင့်ကျေးရွာခေတ်မီဖွံ့ဖြိုးတိုး တက်လာစေရန်၊ဘက်စုံတိုးတက်ကောင်းမွန်စေရန် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်ချိတ်ဆက်၍လျှပ်စစ် မီးလင်းရေးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

**(ဆ) အိမ်သွယ်ရေတိုင်စနစ်ဆောင်ရွက်ခြင်း**

ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော စက်ရေတွင်းရှိရာ မိုးတွင်းအခါ ရေမြုပ်ကွင်းဒေသဖြစ်ပြီး ကျေးရွာသည် ရွာတန်းရှည်ဖြစ်သောကြောင့် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာမရရှိသောကြောင့် ရေသန့်စက်မှ အိမ်ခြေ(၂၀)တွင် ရေပိုက်ခေါင်း(၁)ခုတပ်ဆင်၍ သောက်သုံး ရေဖူလုံစွာရရှိနိုင်ရေးကျေးလက်ဦးစီးဌာနသို့တင်ပြ၍ ကျေးရွာမှလည်းထည့်ဝင်ငွေများဖြင့်ပူးပေါင်း ဆောင်ရွက်သွားမည်။



## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား နိုင်ကြသော်

လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကို လည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။



**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီ များရရှိရန်

လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) ကျေးရွာဖြတ် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

(၂) ကျေးရွာအရှေ့လမ်း ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

(၃) ကျေးရွာအနောက်လမ်း ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း

(၄) စာသင်ကျောင်းနှင့်ဘကကျောင်းဆက်သွယ်ထားသောလမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း

(၅) ကျေးရွာမှ လျှပ်စစ်မီးလင်းရေးရရှိအောင်ဆောင်ရွက်ခြင်း

(၆) အိမ်သွယ်ရေတိုင်စနစ်ဆောင်ရွက်ခြင်း



**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက် များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာဖြတ်လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့် တင်ဆောင်ရွက်ခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးရွာအရှေ့လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့် တင်ဆောင်ရွက်ခြင်း | ၂ | | ✔ | | | |
| ၃။ | ကျေးရွာအနောက်လမ်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း | ၃ | | ✔ | | | |
| ၄။ | စာသင်ကျောင်းနှင့်ဘကကျောင်းဆက်သွယ် ထားသောလမ်းကွန်ကရစ်လမ်းအဆင့်မြှင့်တ င်ခြင်း | ၄ | | | ✔ | | |
| ၅။ | ကျေးရွာမှ လျှပ်စစ်မီးလင်းရေးရရှိအောင် ဆောင်ရွက်ခြင်း | ၅ | | | | ✔ | |
| ၆။ | အိမ်သွယ်ရေတိုင်စနစ်ဆောင်ရွက်ခြင်း | ၆ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

